# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
# ၂၀၁၄ ခုနှစ်၊ တင်သွင်းလွှာအမှတ် - ၁

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဒွဲဘူပါ (၅၀)ဦး (ကိုယ်တိုင်နှင့်လျှောက်ထားသူ ၄၉ ဦး၏ အခွင့်ရကိုယ်စားလှယ် ဒေါ်ဒွဲဘူ )တို့ တင်သွင်းသည့် တင်သွင်းလွှာ

ရက်စွဲ။ ၂၀၁၄ခုနှစ်၊ စက်တင်ဘာလ ( ၁၈ ) ရက်

| | |
|---|---|
| ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် | ဦးအောင်ကျော်စိန် |
| ဒေါ်ဒွဲဘူပါ(၅၀)ဦးအတွက် | တရားလွှတ်တော်ရှေ့နေ |
| နိုင်ငံတော်သမ္မတအတွက် | ဦးကျော်ဆန်း |
| | ညွှန်ကြားရေးမှူးချုပ် |
| | ပြည်ထောင်စုရှေ့နေချုပ်ရုံး |
| ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် | ဦးမြင့်နိုင် |
| အတွက် | အဖွဲ့ဝင် |
| | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ဝန်ကြီးချုပ်၊ ကချင်ပြည်နယ်အစိုးရအဖွဲ့ | ဦးဂွမ်ဆိုင်းလီ |
| အတွက် | ကချင်ပြည်နယ်ဥပဒေအရာရှိ |
| ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ | ဦးမြင့်လွင် |
| အတွက် | ရှမ်းပြည်နယ်ဥပဒေအရာရှိ |
| ကချင်ပြည်နယ်အစိုးရအဖွဲ့ | |
| ရဝမ်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး | |
| ဦးဂွန်ရိန်ဒီး၊ | |
| လီဆူးတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး | |
| ဦးအားဆီ | |
| နှင့် | |
| ရှမ်းပြည်နယ်အစိုးရအဖွဲ့ | |
| လီဆူးတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး | |
| ဦးဗုန်ဆန် (ခ)ရောဝိတို့ | ဦးတင်ဝင်း |
| အတွက် | တရားလွှတ်တော်ရှေ့နေ |

## အပြီးသတ်ဆုံးဖြတ်ချက်

ဤအမှု၏ အဓိကအကြောင်းအရာမှာ ကချင်ပြည်နယ်အစိုးရအဖွဲ့တွင် ဦးဂွန်ရိန်ဒီးအား ရဝမ်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးအဖြစ် လည်းကောင်း၊ ဦးအားဆီအား လီဆူးတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးအဖြစ် လည်းကောင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့တွင် ဦးဟုန်ဆန်(ခ) ဦးရောဝိအား လီဆူးတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးအဖြစ် လည်းကောင်း ခန့်ထားတာဝန်ပေးအပ်ခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်မှု ရှိ မရှိ အနက်အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ဆုံးဖြတ်ချက်၊ သဘောထားမှတ်ချက်ချမှတ်ပေးရန် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်ဒွဲဘူပါ (၅၀) ဦးတို့က ဤခုံရုံး သို့ တင်သွင်းလွှာ တင်သွင်းလာခြင်းဖြစ်သည်။

တင်သွင်းလွှာပါကိစ္စနှင့် အဓိကသက်ဆိုင်သော နိုင်ငံတော်သမ္မတ၊ ဥက္ကဋ္ဌ ပြည်သူ့လွှတ်တော်၊ ဝန်ကြီးချုပ် ကချင်ပြည်နယ်အစိုးရအဖွဲ့၊ ဝန်ကြီးချုပ် ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် နှင့် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဂွန်ရိန်ဒီး၊ ဦးအားဆီ နှင့် ဦးဟုန်ဆန် (ခ) ဦးရောဝိတို့ထံ တင်သွင်းလွှာအပေါ် သဘောထားများ၊ ရှင်းလင်းချက်များ တင်ပြပေးရန် ဤခုံရုံးက အကြောင်းကြားခဲ့သည်။ ယခုအခါတွင် နှစ်ဘက်သဘောထားများ၊ ရှင်းလင်းချက်များ တင်းသွင်းပြီးသည့်အပြင် အပြီးသတ်လျှောက်လဲချက်များကိုလည်း ကြားနာခဲ့ပြီး ဖြစ်သည်။

တင်သွင်းလွှာ တင်သွင်းသူဘက်မှ တင်သွင်းလွှာပါအဓိကအချက်များကို အခြေခံပြီး လျှောက်လဲရာတွင် ယခုတင်သွင်းလွှာပါ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများကို နိုင်ငံတော်သမ္မတရုံး၏ ၃၀.၃.၂၀၁၁ ရက်စွဲပါ အမိန့်အမှတ် ၂၃/ ၂၀၁၁ ဖြင့်ခန့်ထားခဲ့ကြောင်း နှင့် တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ် ရွေးချယ် ပုံ နှင့် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးအဖြစ် ခန့်ထားပုံကိစ္စများကို ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၁၅၊ ပုဒ်မ ၁၇၊ ပုဒ်မ ၁၆၁ နှင့် ပုဒ်မ ၂၆၂တို့ကို ကိုးကားလျှောက်လဲသည်။ ထို့နောက်ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရအဖွဲ့မှ တိုင်းရင်းသားလူမျိုးစု ၁၃၅ မျိုးကို ခွဲခြားသတ်မှတ်ထားကာ ၁၉၈၃ ခုနှစ် သန်းခေါင် စာရင်းတွင် အသုံးပြုခဲ့သည့် တိုင်းရင်းသားလူမျိုးစာရင်း၌ ကချင်စု ကို ကချင်၊ တရိုင်၊ ဒလောင်၊ ဂျိန်းဖော၊ ဂေါ်ရီ၊ ခတ်ခု၊ ဒုရင်၊ မရု (လော်ဂေါ်)၊ ရဝမ်၊ လရှီ(လာချစ်)၊ အဇီး၊ လီဆူးဟူသော တိုင်းရင်းသားမျိုးနွယ်စု ၁၂စု ခွဲခြားထားကြောင်း၊ အဆိုပါတိုင်းရင်းသား မျိုးနွယ်စု ၁၂မျိုးကိုစုပေါင်း၍ ကချင်တိုင်းရင်းသား များဟု ခေါ်ဆိုသတ်မှတ်ခဲ့ကြောင်း၊ ကချင်ပြည်နယ်တွင် နေထိုင်ကြသော ကချင်တိုင်းရင်းသားမျိုးနွယ်စုဝင် ၁၂ မျိုးစလုံး

သည် ကချင်တိုင်းရင်းသားလူမျိုးများဖြစ်ကြ၍ ပြည်နယ်ရရှိပြီးသော တိုင်းရင်းသားလူမျိုးများဖြစ်ကြောင်း၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၆၁ ပုဒ်မခွဲ (ဂ) တွင် ရည်ညွှန်းထားသည့် ပြည်နယ်များတွင် ထိုပြည်နယ်ရရှိပြီးသော သို့မဟုတ် ထိုပြည်နယ်အတွင်း ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရစီရင်စု ရရှိပြီးသော တိုင်းရင်းသားလူမျိုးများမှအပ ကျန်တိုင်းရင်းသား လူမျိုးများဆိုသောစကားရပ်တွင် ကချင်တိုင်းရင်းသားမျိုးနွယ်စုဝင် ရဝမ် တိုင်းရင်းသားများနှင့် လီဆူးတိုင်းရင်းသားများ အကျုံးမဝင်ဟု တင်သွင်းသူများက ခံယူကြပါကြောင်း၊ ထို့အတူ ရှမ်းပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော လီဆူးတိုင်းရင်းသားများသည် ကချင်တိုင်းရင်းသားမျိုးနွယ်စုဝင်ဖြစ်ကြ၍ ကချင်တိုင်းရင်းသားများဖြစ်ကြကြောင်း ရှမ်းပြည်နယ်တွင်နေထိုင်ကြသည့် ကချင်တိုင်းရင်းသားများသည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၁၆၁ ပုဒ်မခွဲ (ဂ) တွင် ရည်ညွှန်းထားသည့် ပြည်နယ်များတွင် ထိုပြည်နယ်ရရှိပြီးသော သို့မဟုတ် ထိုပြည်နယ်အတွင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုရရှိပြီးသော တိုင်းရင်းသားလူမျိုး မှအပကျန်တိုင်းရင်းသားလူမျိုးဆိုသောစကားရပ်တွင် အကျုံးဝင်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့တွင် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ရာထူးရထိုက်ခွင့်ရှိပါကြောင်း၊ သို့ရာတွင် ကချင်တိုင်းရင်းသားမျိုးနွယ်စု ၁၂မျိုးကို ကိုယ်စားပြုသည့် ကချင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးတစ်ဦးတည်းသာ ခန့်အပ်တာဝန်ပေးအပ်ရမည်ဟု တင်သွင်းသူများက လက်ခံယုံကြည်ကြပါကြောင်း၊ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံအရ တိုင်းဒေသကြီး (၇) ခုနှင့် ပြည်နယ် (၇)ခု ခွဲခြားသတ်မှတ် ထားရာ တိုင်းဒေသကြီး (၇)ခုသည် ဗမာတိုင်းရင်းသားများကို ကိုယ်စားပြုပြီး ပြည်နယ် (၇)ခုမှာ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင် ၊ ရှမ်း စသော တိုင်းရင်းသားများကို ကိုယ်စားပြုကြောင်း၊ တိုင်းဒေသကြီးများဖြစ်ကြသည့် မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးများတွင် ဗမာတိုင်းရင်းသားရေးရာဝန်ကြီးဌာနများကို ခန့်အပ်တာဝန်ပေးအပ်ခြင်းမရှိဘဲ ချင်းတိုင်းရင်းသားရေးရာဝန်ကြီးဌာန၊ ရှမ်းတိုင်းရင်းသားရေးရာဝန်ကြီးဌာန၊ ကရင်တိုင်းရင်းသားရေးရာဝန်ကြီးဌာန၊ ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီးဌာနများကိုသာ ခန့်အပ်တာဝန်ပေးအပ်ထားကြောင်း၊ ၁၉၈၃ ခုနှစ်တွင် ကောက်ယူခဲ့သည့် ပြည်လုံးကျွတ်သန်းခေါင်စာရင်းတွင် အသုံးပြုခဲ့သော တိုင်းရင်းသားလူမျိုးစာရင်းအရ ကချင်မျိုးနွယ်စု ၁၂မျိုး၊ ကယား မျိုးနွယ်စု ၉မျိုး၊ ကရင်မျိုးနွယ်စု ၁၁ မျိုး၊ ချင်းမျိုးနွယ်စု ၅၃မျိုး၊ ဗမာမျိုးနွယ်စု ၉ မျိုး၊ မွန်မျိုးနွယ်စု ၁ မျိုး၊ ရခိုင်မျိုးနွယ်စု ၇ မျိုး၊ ရှမ်းမျိုးနွယ်စု ၃၃ မျိုး စသည်ဖြင့် စုစုပေါင်း မျိုးနွယ်စုငယ် ၁၃၅မျိုးရှိကြောင်း သတ်မှတ်ဖော်ပြထားရာ တိုင်းဒေသကြီးများတွင် ဗမာမျိုးနွယ်စု ၉မျိုးအနက် နိုင်ငံတော်ရှိလူဦးရေစုစုပေါင်း၏

သုညဒသမတစ်ရာခိုင်နှုန်းနှင့်အထက်ရှိသည့် ဗမာမျိုးနွယ်စုများရှိမည်ဖြစ်သော်လည်း တိုင်းဒေသကြီးများတွင် ဗမာတိုင်းရင်းသားရေးရာဝန်ကြီးဌာနများ ခန့်အပ် တာဝန်ပေးအပ်ခြင်းမရှိခဲ့ကြောင်း၊ ထို့အတူ ချင်းမျိုးနွယ်စု ၅၃ မျိုးအနက် မည်သည့် မျိုးနွယ်စုဟူ၍လည်းကောင်း၊ ရှမ်းမျိုးနွယ်စု ၃၃ မျိုးအနက် မည်သည့်မျိုးနွယ်စုဟူ၍လည်းကောင်း၊ ကရင်မျိုးနွယ်စု ၁၁ မျိုးအနက် မည်သည့်မျိုးနွယ်စုဟူ၍ လည်းကောင်း၊ ရခိုင်မျိုးနွယ်စု ၇ မျိုးအနက် မည်သည့်မျိုးနွယ်စု ဟူ၍လည်းကောင်း ခွဲခြားဖော်ပြခြင်းမပြုဘဲ ချင်းတိုင်းရင်းသားရေးရာဝန်ကြီးဌာန၊ ရှမ်းတိုင်းရင်းသားရေးရာဝန်ကြီးဌာန၊ ကရင်တိုင်းရင်းသားရေးရာဝန်ကြီးဌာန၊ ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီးဌာနဟူ၍ ယေဘုယျသဘောဖော်ပြကာ ခန့်အပ်တာဝန်ပေးအပ်ကြောင်း လျှောက်လဲသည်။

ထို့နောက်ဆက်လက်လျှောက်လဲရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကချင် ပြည်နယ်အစိုးရအဖွဲ့၏ ၂၉.၈.၂၀၁၃ ရက်စွဲပါ စာအမှတ် ၁/၂ - ၇၄/ အစိုးရအဖွဲ့ (ကချင်)ဖြင့် ဒေါ်ဒွဲဘူ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အင်ဂျန်းယန်မဲဆန္ဒနယ်ထံသို့ လိပ်မူပေးပို့ခဲ့သည့် ကချင်လူမျိုး၏မျိုးနွယ်စုနှင့် ပတ်သက်သည့် အတည်ပြုချက်စာတွင် "ကချင်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက ရည်ညွှန်း (၂)ပါစာဖြင့် ပြန်လည်တင်ပြရာတွင် နိုင်ငံတော်မှ ၁၉၈၃ ခုနှစ်တွင် ကောက်ယူခဲ့သည့် ပြည်လုံးကျွတ်သန်းခေါင်စာရင်းတွင် အသုံးပြုခဲ့သော တိုင်းရင်းသားလူမျိုးစာရင်းအရ အဓိကမျိုးနွယ်စုကြီးများဖြစ်သော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင် ၊ ရှမ်း ဟူ၍ လူမျိုးစု ၈စု ရှိပြီး လူမျိုးစုများအနေဖြင့် ကချင်မျိုးနွယ်စု ၁၂မျိုး၊ ကယားမျိုးနွယ်စု ၉မျိုး၊ ကရင်မျိုးနွယ်စု ၁၁ မျိုး၊ ချင်းမျိုးနွယ်စု ၅၃မျိုး၊ ဗမာမျိုးနွယ်စု ၉ မျိုး၊ မွန်မျိုးနွယ်စု ၁ မျိုး၊ ရခိုင်မျိုးနွယ်စု ၇ မျိုး၊ ရှမ်းမျိုးနွယ်စု ၃၃ မျိုး စသည်ဖြင့် စုစုပေါင်းမျိုးနွယ်စုငယ် ၁၃၅မျိုးရှိပါကြောင်း၊ ကချင်မျိုးနွယ်စု ၁၂စု သတ်မှတ်ထားသော်လည်း မြေပြင်၌အဓိကမျိုးနွယ်စု ၆စုသာခွဲခြားဖော်ပြ အသုံးပြုလျက်ရှိပြီး ယင်းမျိုးနွယ်စု ၆စုမှာ အောက်ပါအတိုင်း ဖြစ်ပါကြောင်း-

| | | |
|---|---|---|
| (က) | ဂျိမ်းဖော(ဂျိမ်းဖော၊ ဂေါ်ရီ၊ ခတ်ခူး၊ ဒူရင်) | (၄) စု |
| (ခ) | လော်ဝေါ် (မရူ) | (၁) စု |
| (ဂ) | လာချိတ် (လရှီ) | (၁) စု |
| (ဃ) | ရဝမ် (ထရို၊ ထလောင်၊ ရဝမ်) | (၃) စု |
| (င) | လီဆူ (လော်ရင်၊ လီဆူး) | (၂) စု |
| (စ) | ဇိုင်ဝါး (အဇီး) | (၁) စု |

၎င်းအထဲမှ လီဆူးနှင့် ရဝမ်တိုင်းရင်းသားများသည် ၁၉၈၃ ခုနှစ် သန်းခေါင်စာရင်းတွင် အသုံးပြုခဲ့သည့် တိုင်းရင်းသားလူမျိုးများစာရင်းအရ ကချင်လူမျိုး မျိုးနွယ်စုဝင်များဖြစ်သည်”ဟု ကိုးကားလျှောက်လဲသည်။ သို့ဖြစ်ပါ၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ ၃၀.၃.၂၀၁၁ ရက်စွဲပါ အမိန့်အမှတ် ၂၃/၂၀၁၁ ဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကချင်ပြည်နယ် အစိုးရအဖွဲ့တွင် ဦးဇွန်ရိန်ဒီအား ရဝမ်တိုင်းရင်းသားရေးရာဝန်ကြီးအဖြစ် လည်းကောင်း၊ ဦးအားဆီအား လီဆူးတိုင်းရင်းသားရေးရာဝန်ကြီးအဖြစ် လည်းကောင်း၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့တွင် ဦးဗုန်ဆန်(ခ)ရောဝိအား လီဆူး တိုင်းရင်းသားရေးရာဝန်ကြီးအဖြစ် လည်းကောင်း ခန့်အပ်တာဝန်ပေးထားမှုသည် ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ မရှိ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ဆုံးဖြတ်ချက်၊ သဘောထားချမှတ်ပေးပါရန် လျှောက်လဲသည်။

နိုင်ငံတော်သမ္မတကိုယ်စား ပြည်ထောင်စုရှေ့နေချုပ်၏ လွှဲအပ်တာဝန်ပေးချက်အရ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ညွှန်ကြားရေးမှူးချုပ်က ၁၁.၈.၂၀၁၄ ရက်နေ့က တင်ပြရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၁၅အတွင်း ပြဋ္ဌာန်းထားသော နိုင်ငံတော်သမ္မတ၏ ကင်းလွတ်ခွင့် (complete immunity)ကို ထိခိုက်မှုမရှိစေဘဲ ခြွင်းချက် သီးသန့်ထား၍ လျှောက်ထားခြင်းဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် တိုင်းရင်းသားလူမျိုးများဟု အကြိမ်ကြိမ်သုံးစွဲထားသော်လည်း တိုင်းရင်းသားလူမျိုးများ၏ အနက်အဓိပ္ပာယ်ဖွင့်ဆိုထားခြင်း မတွေ့ရှိရသကဲ့သို့ တိုင်းရင်းသားလူမျိုးနှင့် မျိုးနွယ်စု အမည် အရေအတွက်မည်၍မည်မျှရှိကြောင်း ဖော်ပြထားသည်ကို မတွေ့ရှိရကြောင်း၊ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများကို ခန့်အပ်ရာ၌ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအနက် အဓိကကျသော ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်သည် ပုဒ်မ ၁၆၁ ပုဒ်မခွဲ (ဂ)အရ ဖြစ်ကြောင်း၊ ပုဒ်မခွဲ (ဂ)တွင် ပါရှိသောပြဋ္ဌာန်းချက်၌ အဓိက အမြင်ကွဲလွဲသည့် အကြောင်းခြင်းရာ မှာ “ပြည်နယ်များတွင် **ထိုပြည်နယ်ရရှိပြီးသော** သို့မဟုတ် ထိုပြည်နယ်အတွင်း **ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုရရှိပြီးသော တိုင်းရင်းသားလူမျိုးများမှအပ** ကျန်တိုင်းရင်းသားလူမျိုးများအနက် လျော်ကန်သင့်မြတ်သောလူဦးရေဖြစ်သည့် နိုင်ငံတော်ရှိလူဦးရေစုစုပေါင်း၏ သုညဒသမတစ်ရာခိုင်နှုန်းနှင့်အထက် ×××××××××××× ပြည်နယ်ကိုယ်စားလှယ်များ”ဟု ဖော်ပြထားရာ အဓိကအချက်မှာ အထက်ဖော်ပြပါ **ပြည်နယ်ရရှိပြီးသောတိုင်းရင်းသားလူမျိုး** ဆိုသည့်စကားရပ်နှင့် စပ်လျဉ်း၍ ဥပမာ ကချင်ပြည်နယ်တွင် တိုင်းရင်းသားလူမျိုးများ နေထိုင်လျက်ရှိရာ ယင်းပြည်နယ်တွင် ပြည်နယ်ရရှိထားသည့် တိုင်းရင်းသားလူမျိုးများ၏ အမည်ကို ဤဖွဲ့စည်းပုံအခြေခံဥပဒေ၌ ဖော်ပြထားသည်ကို အလျဉ်းမတွေ့ရှိရ၍ ဖွဲ့စည်းပုံအခြေခံ

ဥပဒေ၏ ဥပဒေလစ်ဟာမှု (Legal Vacuum)တစ်ရပ် ဖြစ်ပေါ်နေသောကြောင့် ရှုထောင့်အမြင်များ ကွဲလွဲနေခြင်းဟုသာ သုံးသပ်ရရှိပါကြောင်း၊ သို့ဖြစ်ပါ၍ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၆၁ ပုဒ်မခွဲ (ဂ)တွင် ဖော်ပြထားသော ပြည်နယ်များတွင် ထိုပြည်နယ်ရရှိပြီးသော သို့မဟုတ် ထိုပြည်နယ်အတွင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုရရှိပြီးသော တိုင်းရင်းသားလူမျိုးများဆိုသည့် ပြဋ္ဌာန်းချက်ကို ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၂၂ ပုဒ်မခွဲ (က)အရ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက အနက်အဓိပ္ပာယ်ဖွင့်ဆိုပေးခြင်းဖြင့် လျှောက်ထားသူတင်သွင်းသော ကိစ္စရပ်နှစ်ရပ်လုံးအပေါ် ရှင်းလင်းပြတ်သားသည့် ဥပဒေအခြေခံတစ်ရပ်ရရှိမည်ဖြစ်ပါ ကြောင်း တင်ပြခဲ့သည်။

ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ညွှန်ကြားရေးမှူးချုပ်က ၅.၉.၂၀၁၄ ရက်နေ့က အပြီးသတ်လျှောက်လဲရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၅အရ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်အဖြစ် ရွေးချယ်တင်မြှောက်ခံနိုင်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေက ညွှန်ပြသည့်လုပ်ငန်းစဉ်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၆၁ (ဂ) ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၆၁ (ဂ) ပါပြဋ္ဌာန်းချက်တွင် ဖော်ပြပါရှိသည့်မူနှင့် ကိုက်ညီခြင်း ရှိ မရှိ ကနဦးစိစစ်ဆောင်ရွက်ပေးရသည့် အဖွဲ့အစည်းမှာ သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၆၂ (ဆ) (၂) အရ နိုင်ငံတော်သမ္မတသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးများဖြစ်သည့် တိုင်းရင်းသားလူမျိုးရေးရာဆောင်ရွက်ရန် ရွေးကောက်တင်မြှောက်ထားသည့် လွှတ်တော်ကိုယ်စားလှယ်များအား သက်ဆိုင်ရာလူမျိုးရေးရာများကိုဆောင်ရွက်ရန် တာဝန်ပေးအပ်ရမည်ဟု ပြဋ္ဌာန်းထားရှိသည့်အတွက် တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးများခန့်ထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်၏ လုပ်ငန်းစဉ်တစ်ရပ်လုံးတွင် နိုင်ငံတော်သမ္မတသည် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တင်ပြလာသည့်ပုဂ္ဂိုလ်များအား ဖွဲ့စည်းပုံအခြေခံဥပဒေအရ ခန့်ထားပေးရန်သာတာဝန်ရှိပြီး ယင်းတင်ပြလာမှုအပေါ် နိုင်ငံတော်သမ္မတက အကြောင်းကြောင်းကြောင့် ငြင်းပယ်နိုင်သည့်အခွင့်အရေး ပြဋ္ဌာန်းချက်တစ်စုံတစ်ရာ မတွေ့ရကြောင်း၊ တိုင်းရင်းသားရေးရာဝန်ကြီးများ ခန့်ထားခြင်းနှင့်စပ်လျဉ်းသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ လုပ်ငန်းစဉ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၆၂(ဂ)၌ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တွင် ငြင်းပယ်နိုင်ခွင့်ရှိကြောင်း၊ ပုဒ်မ ၂၆၂(ဂ)တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးများအတွက် သတ်မှတ်ထားသောအရည်အချင်းများနှင့် မပြည့်စုံကြောင်း အထင်အရှားမပြနိုင်ပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က အမည်စာရင်းတင်သွင်းသည့် ပုဂ္ဂိုလ်များအား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးများအဖြစ်

ခန့်အပ်တာဝန်ပေးရန် ငြင်းပယ်ခွင့်မရှိစေရဟု ဖော်ပြထားကြောင်း၊ သို့ဖြစ်ပါ၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ကချင်ပြည်နယ်အစိုးရအဖွဲ့တွင် ဦးဝွန်ရိန်ဒီးအား ရဝမ် တိုင်းရင်းသားရေးရာဝန်ကြီး အဖြစ်လည်းကောင်း၊ ဦးအားဆီအား လီဆူး တိုင်းရင်းသားရေးရာဝန်ကြီးအဖြစ် လည်းကောင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့တွင် ဦးဗုန်ဆန် (ခ) ဦးရောဝိအား လီဆူးတိုင်းရင်းသားရေးရာဝန်ကြီးအဖြစ် လည်းကောင်း နိုင်ငံတော်သမ္မတက ခန့်အပ်တာဝန်ပေးခဲ့ခြင်းသည် နိုင်ငံတော်သမ္မတအား ဖွဲ့စည်းပုံ အခြေခံဥပဒေအရ အခွင့်အာဏာအပ်နှင်းထားသည်နှင့်အညီ ဆောင်ရွက်ရခြင်းသာ ဖြစ်ကြောင်း လျှောက်လဲသည်။

ကချင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ကိုယ်စား ကချင်ပြည်နယ် ဥပဒေ အရာရှိက လျှောက်လဲရာတွင် ရွေးဦးစွာ တိုင်းရင်းသားလူမျိုးလွှတ်တော် ကိုယ်စားလှယ် ရွေးကောက်ခြင်းကိစ္စနှင့် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးခန့်ထားခြင်းကိစ္စတို့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၅၊ ပုဒ်မ ၁၇၊ ပုဒ်မ ၁၆၁ နှင့် ပုဒ်မ ၂၆၂တို့ကို ကိုးကားတင်ပြသည်။ ကချင်ပြည်နယ်ဝန်ကြီးချုပ်သည် ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ ၂၆၂ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၄)ပါ ပြဋ္ဌာန်းချက်အရ သက်ဆိုင်ရာ ရွေးကောက်ပွဲ ကော်မရှင်မှပေးပို့သည့် တိုင်းရင်းသားရေးရာဝန်ကြီး ခန့်အပ်နိုင်ရန် လွှတ်တော် ကိုယ်စားလှယ်၏အမည်စာရင်းကိုရယူ၍ ပုဒ်မ ၂၆၂ ပုဒ်မခွဲ (ခ)အရ လွှတ်တော်သို့ တင်သွင်းခြင်း၊ ပုဒ်မ ၂၆၂ ပုဒ်မခွဲ (င)အရ နိုင်ငံတော်သမ္မတထံ တင်ပြခြင်း ပြုရသူသာဖြစ်၍ ၎င်းမှာ ယခုကိစ္စတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက် အတိုင်း ဆောင်ရွက်ခဲ့ရသူတစ်ဦးဖြစ်ကြောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ကချင်တိုင်းရင်းသားမျိုးနွယ်စုအဖွဲ့တွင် မည်သည့်လူမျိုးများပါဝင်ကြောင်း အသေးစိတ် ပြဋ္ဌာန်းထားခြင်း မရှိကြောင်း၊ ရဝမ် တိုင်းရင်းသားများနှင့် လီဆူးတိုင်းရင်းသားများ သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၆၁ (ဂ)တွင် ပြဋ္ဌာန်းထားသော ပြည်နယ် များတွင် ထိုပြည်နယ်ရရှိပြီးသော သို့မဟုတ် ထိုပြည်နယ်အတွင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုရရှိပြီးသော တိုင်းရင်းသားလူမျိုးများဆိုသည့် ပြဋ္ဌာန်းချက်အရ ယခုကိစ္စရပ် အလို့ငှာ ကချင်ပြည်နယ်တွင် ပြည်နယ်ရရှိပြီးသော တိုင်းရင်းသားလူမျိုး သို့မဟုတ် ကချင်ပြည်နယ် အတွင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုရရှိပြီးသော တိုင်းရင်းသား ဟုတ်၊ မဟုတ် သို့မဟုတ်ပါက ကျန်တိုင်းရင်းသားများအတွက် စကားရပ်တွင်ပါဝင်ခြင်း ရှိ မရှိကို ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၂၂ ပုဒ်မခွဲ (က) အရ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံးက အနက်အဓိပ္ပာယ်ဖွင့်ဆိုပေးခြင်းဖြင့် လျှောက်ထားသူ တင်သွင်း သော လျှောက်ထားချက်အပေါ် ဖြေဆိုပြီးဖြစ်မည်ဟု လျှောက်လဲသည်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ကိုယ်စား၊ ရှမ်းပြည်နယ် ဥပဒေချုပ်၏ လွှဲအပ်တာဝန်ပေးမှုအရ ရှမ်းပြည်နယ်ဥပဒေအရာရှိက လျှောက်လဲရာတွင် တိုင်းရင်းသား လူမျိုးကိုယ်စားလှယ် ရွေးကောက်ခြင်းကိစ္စနှင့် တိုင်းရင်းသားရေးရာဝန်ကြီး ခန့်ထားပုံ ကိစ္စများကို ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၆၂၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၃၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေ ပုဒ်မ ၈တို့ကို ကိုးကားလျှောက်လဲသည်။ ထို့နောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ်သည် ရှမ်းပြည်နယ်အစိုးရအဖွဲ့တွင် လီဆူးတိုင်းရင်းသားရေးရာဝန်ကြီး ခန့်ထားခြင်းကို တိုင်း ဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေ နှင့် ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၆၂(က) (၄) (င) (စ) (ဆ) တို့နှင့်အညီ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း လျှောက်လဲသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကိုယ်စား ကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင် က ခုံရုံးသို့တင်သွင်းထားသည့် သဘောထားရှင်းလင်းချက်ပါ အဓိကအချက်များကို အခြေခံ ပြီး လျှောက်လဲရာတွင် ၁၉၈၃ ခုနှစ် သန်းခေါင်စာရင်းမတိုင်မီ တည်ရှိခဲ့သော သန်းခေါင် စာရင်း အထောက်အထားများအရ မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုး ၁၃၅မျိုး နေထိုင်သည်ဟု ပေါ်ပေါက်ခဲ့ကြောင်း ၁.၁၀.၂၀၀၃ နေ့မှစပြီး ကချင် နှင့် ဂျိန်းဖော ပေါင်းပြီး ဂျိန်းဖောဟုဖော်ပြခဲ့သဖြင့် တိုင်းရင်းသားလူမျိုး ၁၃၄ မျိုးဟု သတ်မှတ် လာခဲ့ကြောင်း၊ ၂၀၀၅ ခုနှစ် နောက်ပိုင်းတွင် လူဦးရေလုံးဝမရှိသောလူမျိုး ၁၅မျိုးနှင့် လူဦးရေ ၉ ဦးနှင့်အောက်သာ ကျန်ရှိသောလူမျိုး ၁၈မျိုး ပေါင်း ၃၃မျိုးကို နုတ်ပယ်ပြီး လူမျိုး ၁၀၁မျိုးသာကျန်ရှိသည်ဟု လက်ခံထားကြကြောင်း၊ ကချင်ပြည်နယ်တွင် ကချင်၊ ထရမ်း၊ ဒလောင်၊ ဂျိန်းဖော၊ ဂေါ်ရီ၊ ခခု၊ ဒူးလန်း၊ မရု (လော်ဂေါ်)၊ ရဝမ်၊ လရှီ၊ အဇီး၊ လီဆူး ဟု ၁၂မျိုးရှိခဲ့ရာ ဂျိန်းဖော၊ ဒူးလန်း နှင့် ဂေါ်ရီတို့သည် ကချင်နှင့်ပူးပေါင်းလိုက် သဖြင့် တိုင်းရင်းသားလူမျိုး ၉ မျိုးသာ ကျန်ခဲ့ကြောင်း၊ ကချင်မှအပ ကျန်တိုင်းရင်းသား လူမျိုးအသီးသီးတို့သည် နိုင်ငံတော်၏လူဦးရေ၏ သုညဒသမတစ် ရာခိုင်နှုန်းအထက် ပြည့်မီပါက တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်ရခွင့်ရှိကြောင်း၊ ၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ ကျင်းပသည့်အချိန်က မြန်မာနိုင်ငံတော်တွင် နေထိုင် လျက်ရှိသော လူဦးရေစုစုပေါင်းမှာ ၅၉၇၈၀၃၂၉ ဦးရှိပါကြောင်း၊ ထိုလူဦးရေစုစုပေါင်း၏ သုညဒသမတစ် ရာခိုင်နှုန်းဖြစ်သည့် ၅၉၇၈၀ဦးရေနှင့်အထက်ရှိ လူမျိုးစာရင်းတွင် ကချင် ပြည်နယ်အတွင်း၌ လီဆူးတိုင်းရင်းသားလူမျိုးသည် ၈၇၉၄၉ဦး၊ ရဝမ်တိုင်းရင်းသား လူမျိုးသည် ၆၁၂၈၀ ဦးရှိကြောင်း၊ သတ်မှတ်ပေးပို့လာသည့်အပြင် ဗမာတိုင်းရင်းသား လူမျိုး ၄၆၀၀၅၅ ဦး၊ ရှမ်းတိုင်းရင်းသားလူမျိုး ၃၆၉၄၈၇ ဦးရှိကြောင်း ဖွဲ့စည်းပုံ

အခြေခံဥပဒေ ပုဒ်မ ၁၅၊ ပုဒ်မ ၁၇(ဂ)၊ ပုဒ်မ ၁၆၁(ဂ)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကချင်ပြည်နယ်အစိုးရအဖွဲ့တွင် လီဆူးလူမျိုးတိုင်းရင်းသားရေးရာဝန်ကြီးတစ်ဦးနှင့် ရဝမ် လူမျိုး တိုင်းရင်းသားရေးရာဝန်ကြီးတစ်ဦးပါဝင်နေခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အညီသာဖြစ်ပါကြောင်း၊ ၂၀၁၀ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ ကျင်းပသည့်အချိန်က ရှမ်းပြည်နယ်တွင် ဂျိန်းဖောတိုင်းရင်းသားလူမျိုး ၁၃၃၀၇၂ ဦးရှိပြီး လီဆူး တိုင်းရင်းသား လူမျိုး ၇၆၉၅၄ဦး ရှိပါကြောင်း၊ သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့တွင် ကချင် (ဂျိန်းဖော) တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးပါဝင်နေခြင်း နှင့် လီဆူးတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီးတို့ပါဝင်နေခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီဖြစ်ပါကြောင်း၊ တိုင်းရင်းသားလူမျိုး(၁၃၅) မျိုး ယခုလက်ရှိ (၁၀၁) မျိုးလုံးသည် တိုင်းရင်းသားလူမျိုး များသာဖြစ်သည့်အတွက် လျော်ကန်သင့်မြတ်သည့် လူဦးရေရှိပါက ဖွဲ့စည်းပုံအခြေခံ ဥပဒေပါအခြေခံမူများအတိုင်း အခွင့်အရေးကို ပေးရမည်ဖြစ်ကြောင်း၊ လျော်ကန်သင့်မြတ် သည့် တိုင်းရင်းသားလူမျိုးများဖြစ်ပါက သတ်မှတ်ထားသည့်အတိုင်း သက်ဆိုင်ရာ ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးများတွင် ပါဝင်ခွင့်ပြုထားသဖြင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေသည် မျှတမှုရှိကြောင်း လျှောက်လဲသည်။

ထို့နောက် ဆက်လက်လျှောက်လဲရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် သည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၉၉အရ လုပ်ပိုင်ခွင့်များရှိပါကြောင်း၊ တိုင်းရင်းသား လူမျိုးလွှတ်တော်ကိုယ်စားလှယ် ရွေးကောက်တင်မြှောက်ခွင့်ရှိသည့် တိုင်းရင်းသားလူမျိုး တစ်မျိုးစီအတွက် မဲဆန္ဒနယ်များကို ၁၁.၈.၂၀၁၀ ရက်စွဲပါ ကြေညာချက်အမှတ် ၈၈/၂၀၁၀ဖြင့် သတ်မှတ်ကြေညာပေးခဲ့ပါကြောင်း၊ တိုင်းရင်းသားလူမျိုးလွှတ်တော် ကိုယ်စားလှယ်လောင်းများသည် ယင်းတို့၏ အမည်စာရင်းတင်သွင်းလွှာများကို သက်ဆိုင်ရာ တိုင်းဒေသကြီး နှင့် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲများသို့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၂၂(ခ)အရ တင်သွင်းကြရ ကြောင်း၊ ယင်းသို့တင်သွင်းသည့် အမည်စာရင်းများကို သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲက ပုဒ်မ ၂၄၊ ပုဒ်မ ၂၅တို့အရ စိစစ်ခဲ့ကြောင်း၊ ယင်းသို့စိစစ်ရာတွင် ကန့်ကွက်လိုက ကန့်ကွက်နိုင်ပါလျက် ကန့်ကွက်သူ တစ်စုံတစ်ဦးမျှ မရှိခဲ့ကြောင်း၊ ကန့်ကွက်သူများ မရှိသဖြင့် ပုဒ်မ ၂၆ နှင့် နည်းဥပဒေ ၃၅တို့ အရ တိုင်းရင်းသားလွှတ်တော် ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းကို တိုင်းဒေသကြီးနှင့် ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ပုံစံ (၁၀-က)ဖြင့် ကြေညာခဲ့ပါကြောင်း၊ ထို့နောက် ရွေးကောက်ပွဲကျင်းပပါကြောင်း၊ ရွေးကောက်ပွဲတွင်အနိုင်ရရှိသည့် တိုင်းရင်းသား လွှတ်တော် ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းကို တိုင်းဒေသကြီးနှင့် ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ပုဒ်မ ၄၉ အရ ကြေညာခဲ့ကြောင်း လျှောက်လဲသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆုံးဖြတ်ချက်နှင့် ဆောင်ရွက်ချက်များသည် အောက်ပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ အပြီးအပြတ်အတည်ဖြစ်စေရမည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၀၂တွင် -

"(က) ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာလုပ်ငန်းများ၊

(ခ) ရွေးကောက်ပွဲခုံအဖွဲ့များ၏ဆုံးဖြတ်ချက်များ၊ အမိန့်များနှင့်စပ်လျဉ်းသည့် အယူခံမှုများနှင့် ပြင်ဆင်မှုများ၊

(ဂ) နိုင်ငံရေးပါတီဆိုင်ရာဥပဒေအရ ဆောင်ရွက်သောကိစ္စရပ်များ"ဟု ဖော်ပြထားပါကြောင်း။

သို့ဖြစ်ပါ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ချက်များ၊ ဆောင်ရွက်ချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ၊ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆုံးဖြတ်ဆောင်ရွက်ခဲ့ခြင်းကြောင့်လည်းကောင်း၊ အထက်ပါဖော်ပြပါ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၀၂ပါ ပြဋ္ဌာန်းချက်၏အနှစ်သာရကို အလေးထား၍ လည်းကောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆုံးဖြတ်ချက်များ၊ ဆောင်ရွက်ချက်များကို ဆက်လက်အတည်ပြုပေးသင့်ကြောင်း၊ ဒေါ်ခွဲဘူပါ ၅၀ ဦး တို့၏ တင်သွင်းလွှာကို ပလပ်ပေးသင့်ကြောင်း လျှောက်လဲသည်။

ကချင်ပြည်နယ် နှင့် ရှမ်းပြည်နယ်၏ ရဝမ် နှင့် လီဆူးတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၏ရှေ့နေက ရှင်းလင်းလွှာပါအဓိကအချက်များကို အခြေခံပြီးလျှောက်လဲရာတွင် တိုင်းရင်းသားရေးရာဝန်ကြီးများ ခန့်အပ်ရာတွင် ရွေးကောက်ပွဲကော်မရှင်က နည်းလမ်းကျကျ အဆင့်လိုက်ဆောင်ရွက်ခဲ့ပုံများကို တိကျစွာ၊ ခိုင်လုံစွာ တင်ပြထားကြောင်း၊ ကချင်ပြည်နယ်ရှိ လီဆူး နှင့် ရဝမ်တို့သည် တိုင်းရင်းသားလူမျိုးများဖြစ်ပြီး ကချင်(ဂျိန်းဖော) တိုင်းရင်းသားလူမျိုးမဟုတ်ကြောင်း၊ ကချင်တိုင်းရင်းသားမျိုးနွယ်စုဝင်လည်းမဟုတ်ကြောင်း၊ ကချင်ပြည်နယ်ရှိ တိုင်းရင်းသားလူမျိုး ၁၂မျိုးမှ ဒူးလန်း၊ ဂေါ်ရီ နှင့် ဂျိန်းဖော တိုင်းရင်းသားလူမျိုးများသည် ကချင်တိုင်းရင်းသားလူမျိုးများနှင့် ပေါင်းသွားပါကြောင်း၊ ကျန်တိုင်းရင်းသားလူမျိုး ၈မျိုးမှ ဂျိန်းဖော တိုင်းရင်းသားလူမျိုးသည် ကချင်ပြည်နယ်ဟူ၍ ပြည်နယ်ရရှိပြီးဖြစ်ကြောင်း၊ ရဝမ်၊ လီဆူး၊ ဗမာ နှင့် ရှမ်းတို့သည် နိုင်ငံတော်လူဦးရေ၏ သုညဒသမတစ် ရာခိုင်နှုန်းနှင့်အထက်ရှိပြီး ပြည်နယ်မရ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်လည်း မရကြကြောင်း၊ အလားတူပင် ရှမ်းပြည်နယ်ရှိ လီဆူးသည် တိုင်းရင်းသားလူမျိုးဖြစ်ပြီး ကချင်(ဂျိန်းဖော) တိုင်းရင်းသားလူမျိုး မဟုတ်

ကြောင်း၊ ကချင်တိုင်းရင်းသားမျိုးနွယ်ဝင်လည်း မဟုတ်ကြောင်း၊ ရှမ်းပြည်နယ်တွင် ရှမ်းစုတိုင်းရင်းသားလူမျိုး ၃၃ မျိုးမှ နိုင်ငံတော်လူဦးရေ၏ သုညဒသမတစ် ရာခိုင်နှုန်း အထက်ရှိသောလူမျိုးမှာ ၁၂ မျိုး အထဲမှ လီဆူး၊ ဗမာ၊ ကချင်၊ လားဟူ၊ အင်း၊ ကော်၊ ကယန်း တို့သည် ပြည်နယ်မရကြပါကြောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်လည်း မရကြကြောင်း၊ သို့ဖြစ်ရာ ကချင်ပြည်နယ်တွင် ရဝမ်နှင့် လီဆူး၊ ရှမ်းပြည်နယ်တွင် လီဆူးတိုင်းရင်းသား လူမျိုးများကို ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၅၊ ပုဒ်မ ၁၇ (ဂ) နှင့် ပုဒ်မ ၁၆၁(ဂ)အရ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ် အဖြစ် ရွေးချယ်ခဲ့ကြောင်း ဆက်လက်၍ထိုသို့ရွေးချယ်သည့် ရွေးကောက်ပွဲကော်မရှင်ထံမှ ရဝမ်နှင့် လီဆူး တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်၏ အမည်စာရင်းကို ပြည်နယ် ဝန်ကြီးချုပ်ကရယူခြင်း၊ အဆိုပါလွှတ်တော်ကိုယ်စားလှယ်များအား ပြည်နယ် လွှတ်တော်၏သဘောတူညီချက်ဖြင့် ပြည်နယ်ဝန်ကြီးများအဖြစ်ခန့်အပ်ရန် သမ္မတထံ တင်ပြခြင်း၊ သမ္မတကခန့်အပ်တာဝန်ပေးခြင်းကို ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၆၂နှင့် အညီ ဆောင်ရွက်ခဲ့ကြောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကချင်ပြည်နယ် အစိုးရအဖွဲ့၌ ကချင်တိုင်းရင်းသားအစုအဖွဲ့တွင်ပါဝင်သော လီဆူးနှင့် ရဝမ်ကို လည်းကောင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၌ ကချင်တိုင်းရင်းသားအစုအဖွဲ့တွင် ပါဝင်သော လီဆူးကိုလည်းကောင်း၊ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ ခန့်အပ် တာဝန်ပေးထားမှုသည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံနှင့်ညီညွတ်ကြောင်း ဖြေဆို၍ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်ဒွဲဘူပါ ၅၀ ဦးတို့၏ တင်သွင်းလွှာကို ပလပ်သင့် ကြောင်း လျှောက်လဲသည်။

တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ခန့်ထားရာတွင် တည်ဆဲဥပဒေများအရ ဆောင်ရွက်ကြရပုံများကို ဖော်ထုတ်သုံးသပ်ရာ၌ တိုင်းရင်းသားလူမျိုးလွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်သောကိစ္စသည် အဓိကကျသောအချက် ဖြစ်ကြောင်းနှင့် ထိုအချက်မှာ အဓိကဆုံးဖြတ်ရမည့်ကိစ္စဖြစ်ကြောင်း နှစ်ဖက် အကျိုးဆောင်များကလည်း လျှောက်လဲတင်ပြကြသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၆၁(ဂ)တွင် –

> "ပြည်နယ်များတွင် ထိုပြည်နယ်ရရှိပြီးသော သို့မဟုတ် ထိုပြည်နယ်အတွင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုရရှိပြီးသော တိုင်းရင်းသားလူမျိုးများမှအပ ကျန် တိုင်းရင်းသားလူမျိုးများအနက် လျော်ကန်သင့်မြတ်သောလူဦးရေဖြစ်သည့် နိုင်ငံတော်ရှိ လူဦးရေစုစုပေါင်း၏ သုညဒသမတစ်ရာခိုင်နှုန်းနှင့်အထက်ရှိကြောင်း သက်ဆိုင်ရာက သတ်မှတ်သောတိုင်းရင်းသားလူမျိုးအသီးသီးက လူမျိုးတစ်မျိုး

လျှင်တစ်ဦးကျစီ ရွေးကောက်တင်မြှောက်သည့် ပြည်နယ်လွှတ်တော်
ကိုယ်စားလှယ်များ”

ဟုလည်းကောင်း ပြဋ္ဌာန်းထားသည်။

ထိုပြဋ္ဌာန်းချက်များအရဆိုပါက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စု ရပြီးသော တိုင်းရင်းသားလူမျိုးမဟုတ်သည့် အခြားတိုင်းရင်းသား လူမျိုးတစ်မျိုးသည် နိုင်ငံတော်ရှိ လူဦးရေ စုစုပေါင်း၏ သုညဒသမတစ် ရာခိုင်နှုန်းနှင့်အထက်ရှိကြောင်း သက်ဆိုင်ရာက သတ်မှတ်ထားပါက တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးခန့်ထားရန် လွှတ်တော် ကိုယ်စားလှယ် ရွေးချယ်ခွင့်ရှိမည်ဖြစ်သည်။

တင်သွင်းလွှာပါ တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ် ရွေးကောက်ပွဲ ကျင်းပပေးခဲ့သည့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ၈.၃.၂၀၁၀ ရက်စွဲပါ ဥပဒေအမှတ် ၅/၂၀၁၀)အရ တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ် ရွေးကောက်တင်မြှောက်ပုံများကို ဖော်ပြလိုသည်။

တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၃(ဂ) တွင်−

“တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကို အောက်ပါ အတိုင်း ဖွဲ့စည်းရမည် − ပြည်နယ်များတွင် ထိုပြည်နယ်ရရှိပြီးသော သို့မဟုတ် ထိုပြည်နယ်အတွင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုရရှိပြီးသော တိုင်းရင်းသား လူမျိုးများမှအပ ကျန်တိုင်းရင်းသားလူမျိုးများအနက် လျော်ကန်သင့်မြတ်သော လူဦးရေဖြစ်သည့် နိုင်ငံတော်ရှိလူဦးရေစုစုပေါင်း၏ သုညဒသမတစ်ရာခိုင်နှုန်း နှင့်အထက်ရှိကြောင်း ကော်မရှင်ကသတ်မှတ်သော တိုင်းရင်းသားလူမျိုး အသီးသီးက လူမျိုးတစ်မျိုး အတွက်တစ်ဦးကျစီ ရွေးကောက်တင်မြှောက်သည့် လွှတ်တော်ကိုယ်စားလှယ်များ”

ဟု ဖော်ပြထားသည်။

ယင်းဥပဒေ ပုဒ်မ ၂ ပုဒ်မခွဲ (ဆ)တွင် “ကော်မရှင်” ဆိုသည်မှာ “ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်”ကိုဆိုသည်ဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

အဆိုပါ ပြဋ္ဌာန်းချက်များအရဆိုပါက နိုင်ငံတော်ရှိလူဦးရေ စုစုပေါင်း၏ သုညဒသမတစ် ရာခိုင်နှုန်းနှင့် အထက်ရှိကြောင်း အဆုံးအဖြတ်ပေးခြင်းကို ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ဆောင်ရွက်ရခြင်းဖြစ်သည်။

တိုင်းရင်းသားလူမျိုးလွှတ်တော် ကိုယ်စားလှယ်များအတွက် မဲဆန္ဒနယ် သတ်မှတ်ခြင်းကို တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၄(ဃ) တွင် –

"ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၆၁၊ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မခွဲ (ဂ)တို့အရ တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ် ရွေးကောက်တင်မြှောက်ခွင့် ရှိသည့် တိုင်းရင်းသားလူမျိုးတစ်မျိုးစီအတွက် မဲဆန္ဒနယ်သတ်မှတ်ရာတွင် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုလုံးကို မဲဆန္ဒနယ် တစ်နယ်စီ အဖြစ် သတ်မှတ်ရမည်"

ဟု ပြဋ္ဌာန်းထားသည်။

တိုင်းရင်းသားလူမျိုးလွှတ်တော် ကိုယ်စားလှယ်အဖြစ် အမည်တင်သွင်းခြင်း၊ လက်ခံခြင်းကို တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၂၂(ခ)တွင် –

"ရွေးကောက်ပွဲတွင် ပုဒ်မ ၄၊ ပုဒ်မခွဲ (ဃ)ပါ မဲဆန္ဒနယ်အတွက် တိုင်းရင်းသား လူမျိုးလွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်လိုသူတစ်ဦး သည် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲသို့ သတ်မှတ်ထားသည့်အတိုင်း အမည်စာရင်းတင်သွင်းလွှာကို တင်သွင်းရမည်"

ဟု ပြဋ္ဌာန်းထားသည်။

တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက် ခံပိုင်ခွင့်မရှိဟူသော ကန့်ကွက်ချက်ကို ထိုစဉ်ကယှဉ်ပြိုင်အရွေးခံကြသော တိုင်းရင်းသား လူမျိုးလွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၂၅ အရ ကန့်ကွက်ခွင့် ရှိခဲ့သည်။ အဆိုပါ ပုဒ်မ ၂၅ ပြဋ္ဌာန်းချက်မှာ -

"ပုဒ်မ ၂၄ အရ သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲအသီးသီးက စိစစ်သည့်အချိန်တွင်-

(က) သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်း တင်သွင်း ထားသူသည် မိမိတင်ပြလိုသော အထောက်အထားများကို တင်ပြခွင့်ရှိသည်။

(ခ) သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်း တင်သွင်း ထားသူသည် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မရှိကြောင်း သို့မဟုတ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် အရည်အချင်းများနှင့် ပြည့်စုံခြင်းမရှိကြောင်း ကို ထိုကိုယ်စားလှယ်လောင်းရွေးကောက်ခံမည့်

> မဲဆန္ဒနယ်မှ ယှဉ်ပြိုင်ရွေးကောက်ခံသည့် ကိုယ်စားလှယ်လောင်း တစ်ဦးဦးက လုံလောက်သောအထောက်အထားများတင်ပြ၍ သတ်မှတ်ထားသည့်အတိုင်း ကန့်ကွက်နိုင် သည်”

ဟု ပြဋ္ဌာန်းထားသည်။

အထက်ဖော်ပြပါ ပြဋ္ဌာန်းချက်များအရဆိုပါက ယခုတင်သွင်းလွှာပါကိစ္စ အတွက် တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်ရွေးကောက်ရန် ရွေးကောက်ပွဲဆိုင်ရာ ဆောင်ရွက်ချက်များ ဆောင်ရွက်စဉ်ကတည်းက ကန့်ကွက်မှုများ၊ တင်ပြမှုများ ပြုလုပ်ခဲ့ရမည်ဖြစ်သည်။

တင်သွင်းလွှာပါကိစ္စအပေါ် တိုင်းရင်းသားလူမျိုးလွှတ်တော် ကိုယ်စားလှယ်ရွေးကောက်ရန် ကော်မရှင်ကမဲဆန္ဒနယ်သတ်မှတ်သည့်အချိန်က ယခုကိစ္စကို ကော်မရှင်ထံတင်ပြပြီး ဖြေရှင်းနိုင်ခဲ့သော အကြောင်းရှိသည်။ ထို့အပြင် လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းစဉ်အခါကလည်း ယခုကိစ္စကို ကော်မရှင်ထံတင်ပြပြီးအဖြေရှာခဲ့ရမည် ဖြစ်သည်။

ထိုအချိန်က ရွေးကောက်ပွဲကော်မရှင်နှင့် အခွင့်ရအာဏာပိုင်များထံ တင်ပြဖြေရှင်းမှုမပြုဘဲ အချိန်နှစ်နှစ်ခွဲကျော်ကြာမှ ဥပဒေများ၊ အာဏာပိုင်အဖွဲ့အစည်းများ ပြောင်းလဲပြီးမှ ဤခုံရုံးသို့ လာရောက်တင်ပြခြင်းဖြစ်သည်ကို တွေ့ရသည်။

နိုင်ငံတော်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီက ဥပဒေအမှတ် ၁/၂၀၁၀ဖြင့် ၈.၃.၂၀၁၀ နေ့က ပြဋ္ဌာန်းပေးခဲ့သော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ ပုဒ်မ ၉တွင်–

“အောက်ပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ ကော်မရှင်၏ ဆုံးဖြတ်ချက်နှင့် ဆောင်ရွက်ချက်များသည် အပြီးအပြတ် ဖြစ်စေရမည်-

(က) ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာလုပ်ငန်းများ၊

(ခ) ရွေးကောက်ပွဲခုံအဖွဲ့များ၏ဆုံးဖြတ်ချက်များ၊ အမိန့်များနှင့်စပ်လျဉ်းသည့် အယူခံမှုများနှင့် ပြင်ဆင်မှုများ၊

(ဂ) နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေအရ ဆောင်ရွက်ချက်များ”

ဟု ဖော်ပြထားသည်။

ယင်းပြဋ္ဌာန်းချက်အရဆိုပါက ထိုစဉ်ကတည်ရှိခဲ့သော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆောင်ရွက်ချက်များသည် အပြီးအပြတ်အတည် ဖြစ်သည်။ ဤခုံရုံးက ဝင်ရောက်စွက်ဖက်ခွင့်မရနိုင်ပေ။

ထို့ပြင် ကော်မရှင်၏ လုပ်ငန်းတာဝန် များကို အဆိုပါဥပဒေအမှတ် ၁/၂၀၁၀ ပုဒ်မ ၈တွင်–

"ကော်မရှင်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) လွှတ်တော်ရွေးကောက်ပွဲများကျင်းပခြင်း၊

(ခ) လွှတ်တော်ရွေးကောက်ပွဲများကိုကြီးကြပ်ခြင်းနှင့် ကြီးကြပ်စေခြင်း၊

(ဂ) ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ကိုဖွဲ့စည်းခြင်း၊ဖွဲ့စည်းစေခြင်း၊ကြီးကြပ်ခြင်း နှင့် ကြီးကြပ်စေခြင်း၊

(ဃ) မဲဆန္ဒနယ်များ သတ်မှတ်ခြင်းနှင့် ပြင်ဆင်သတ်မှတ်ခြင်း၊

(င) မဲစာရင်းများပြုစုခြင်း၊ ပြုစုစေခြင်း၊ ပြင်ဆင်ခြင်းနှင့် ပြင်ဆင်စေခြင်း၊

(စ) သဘာဝဘေးအန္တရာယ်ကြောင့် သော်လည်းကောင်း၊ နယ်မြေလုံခြုံရေး အခြေအနေအရ သော်လည်းကောင်း လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲ ကျင်းပနိုင်ခြင်းမရှိသည့် မဲဆန္ဒနယ်များ၏ ရွေးကောက်ပွဲ များကို ရွှေ့ဆိုင်းခြင်းနှင့် ပယ်ဖျက်ခြင်း၊

(ဆ) လွှတ်တော်ကိုယ်စားလှယ်အဖြစ် အသိအမှတ်ပြုလွှာထုတ်ပေးခြင်း၊

(ဇ) ရွေးကောက်ပွဲဆိုင်ရာအငြင်းပွားမှုကို စစ်ဆေးနိုင်ရေးအတွက် ဥပဒေနှင့် အညီ ရွေးကောက်ပွဲခုံအဖွဲ့များ ဖွဲ့စည်းခြင်း၊

(ဈ) ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၇၆၊ ပုဒ်မခွဲ (ဇ)အရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့တွင် အဖွဲ့ဝင် အဖြစ်ရွေးချယ်ခန့်ထားရာ၌ ယင်းသို့ရွေးချယ်ခန့်ထားသည့် ပုဂ္ဂိုလ်နှင့် ပတ်သက်၍ ကန့်ကွက်ချက်များရှိပါက ယင်းကန့်ကွက်ချက် များကို စစ်ဆေးဆုံးဖြတ်ပေးနိုင်ရေးအတွက် ရွေးကောက်ပွဲခုံအဖွဲ့များ ဖွဲ့စည်းခြင်း၊

(ည) ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်အတွက် ရန်ပုံငွေခွဲဝေချထားခြင်း၊ အသုံး စရိတ်များကို ကြီးကြပ်ခြင်းနှင့် ကြီးကြပ်စေခြင်း၊

(ဋ) နိုင်ငံရေးပါတီများကို ဥပဒေနှင့်အညီဆောင်ရွက်စေရန် ကြီးကြပ်ခြင်း၊ ကြီးကြပ်စေခြင်း နှင့် လမ်းညွှန်ခြင်း၊

(ဌ) ဥပဒေတစ်ရပ်ရပ်အရ ပေးအပ်သောတာဝန်များကို ထမ်းဆောင်ခြင်း" ဟု ပြဋ္ဌာန်းထားသည်။

ထိုပြဋ္ဌာန်းချက်များအရဆိုပါက မဲဆန္ဒနယ်သတ်မှတ်ခြင်း၊ လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းလက်ခံခွင့်ပြုခြင်းနှင့် ရွေးကောက်ပွဲကျင်းပခြင်း၊ လွှတ်တော်ကိုယ်စားလှယ်အဖြစ် အသိအမှတ်ပြုခြင်းကိစ္စများကို ရွေးကောက်ပွဲကော်မရှင်အဆင့်ဆင့်က ဆောင်ရွက်ကြရကြောင်း ထင်ရှားသည်။

ရွေးကောက်ပွဲကိစ္စအတွက် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၏ ဆောင်ရွက်ချက်ကို မကျေနပ်ပါက မကျေနပ်သူသည် ကော်မရှင်ထံတင်ပြလျှောက်ထားခွင့်ရှိခဲ့ပါသည်။

တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၅/၂၀၁၀) ပုဒ်မ ၅၃ တွင်–

"ရွေးကောက်ပွဲကိစ္စအတွက် ကော်မရှင်အဖွဲ့ခွဲအသီးသီး၏ ရွေးကောက်ပွဲဆိုင်ရာ ဆောင်ရွက်ချက်၊ ဆုံးဖြတ်ချက်များနှင့် စပ်လျဉ်း၍ ကော်မရှင်သည် မိမိ၏ဆန္ဒအလျောက် သက်ဆိုင်ရာအမှုတွဲ၊ စာရွက်စာတမ်းများကို တောင်းယူကြည့်ရှု၍ လိုအပ်သလို အဆုံးအဖြတ်ချမှတ်နိုင်သည်။ ယင်းဆုံးဖြတ်ချက် သည် အပြီးအပြတ်ဖြစ်စေရမည်"

ဟုပြဋ္ဌာန်းထားသည်။ ထိုပြဋ္ဌာန်းချက်အရဆိုပါက ရွေးကောက်ပွဲဆိုင်ရာ မည်သည့် တိုင်လျှောက်ချက်ကိုမဆို ကော်မရှင်သို့ တင်သွင်းခွင့်ရှိသကဲ့သို့ ကော်မရှင်ကလည်း အဆုံးအဖြတ်ပေးခွင့်ရှိမည် ဖြစ်သည်။ သို့သော်လည်း ယခုတင်သွင်းလွှာပါကိစ္စကို ကော်မရှင်ထံတင်ပြခဲ့ကြောင်း မတွေ့ရပေ။

ယခုတင်သွင်းလွှာပါကိစ္စသည် ယခင်ရွေးကောက်ပွဲကော်မရှင်၏ ဆောင်ရွက်ချက်များအပေါ် စိစစ်ရမည့်ကိစ္စဖြစ်သည်။ တင်သွင်းလွှာပါကိစ္စရပ်၏ မူလအစသည် ဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာမတည်မီက နှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေ အာဏာမတည်မီက ပေါ်ပေါက်ခဲ့သောကိစ္စဖြစ်ကြောင်း စိစစ်တွေ့ရှိရ သည်။

ယခုတည်ဆဲပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ လုပ်ငန်းတာဝန်များနှင့် ယင်းကော်မရှင်၏ဆောင်ရွက်ချက်များ အကျိုးသက်ရောက်မှုကို ဖွဲ့စည်းပုံအခြေခံဥပဒေအရ စိစစ်မည်ဆိုပါကလည်း အောက်ပါပြဋ္ဌာန်းချက်များကို တွေ့ရမည်ဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၉၉တွင်–

"ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏တာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) လွှတ်တော်ရွေးကောက်ပွဲများ ကျင်းပခြင်း၊

(ခ) လွှတ်တော်ရွေးကောက်ပွဲများကို ကြီးကြပ်ခြင်း၊ ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်ကို ဖွဲ့စည်းခြင်းနှင့် ကြီးကြပ်စေခြင်း၊

(ဂ) မဲဆန္ဒနယ်များ သတ်မှတ်ခြင်းနှင့် ပြင်ဆင်သတ်မှတ်ခြင်း၊

(ဃ) မဲစာရင်းများ ပြုစုခြင်းနှင့် ပြင်ဆင်ခြင်း၊

(င) သဘာဝဘေးအန္တရာယ်ကြောင့်သော်လည်းကောင်း၊ နယ်မြေလုံခြုံရေး အခြေအနေအရ သော်လည်းကောင်း လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲ ကျင်းပနိုင်ခြင်းမရှိသည့် မဲဆန္ဒနယ်များ၏ ရွေးကောက်ပွဲ များကို ရွှေ့ဆိုင်းခြင်း၊

(စ) ရွေးကောက်ပွဲဆိုင်ရာ သို့မဟုတ် နိုင်ငံရေးပါတီများဆိုင်ရာ နည်းဥပဒေ များကို ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လည်းကောင်း၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်စသည်များကို သက်ဆိုင်ရာဥပဒေများ နှင့်အညီ လည်းကောင်းထုတ်ပြန်ခြင်း၊

(ဆ) ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများကို စစ်ဆေးနိုင်ရေးအတွက် ဥပဒေနှင့်အညီ ရွေးကောက်ပွဲခုံအဖွဲ့များ ဖွဲ့စည်းခြင်း၊

(ဇ) ဥပဒေတစ်ရပ်ရပ်အရ ပေးအပ်သည့်တာဝန်များကို ထမ်းဆောင်ခြင်း”
ဟု ပြဋ္ဌာန်းထားသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၀၂တွင်−

“အောက်ပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆုံးဖြတ်ချက်နှင့် ဆောင်ရွက် ချက်များသည် အပြီးအပြတ်အတည် ဖြစ်စေရမည်-

(က) ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာလုပ်ငန်းများ၊

(ခ) ရွေးကောက်ပွဲခုံအဖွဲ့များ၏ ဆုံးဖြတ်ချက်များ၊ အမိန့်များနှင့် စပ်လျဉ်း သည့် အယူခံမှုများနှင့် ပြင်ဆင်မှုများ၊

(ဂ) နိုင်ငံရေးပါတီဆိုင်ရာ ဥပဒေအရဆောင်ရွက်သောကိစ္စရပ်များ”
ဟုလည်းကောင်း ပြဋ္ဌာန်းထားသည်။ အဆိုပါပြဋ္ဌာန်းချက်များအရ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ ရွေးကောက်ပွဲဆိုင်ရာဆောင်ရွက်ချက်များသည်လည်း အပြီး အပြတ်အတည်ဖြစ်ကြောင်း တွေ့ရသည်။

ဤတင်သွင်းလွှာပါ အဓိကအကြောင်းအရာသည် ယခင်ကတည်ရှိခဲ့သော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ဖြေရှင်းခဲ့ရမည့်ကိစ္စဖြစ်ပြီး၊ ဖွဲ့စည်းပုံအခြေခံ

ဥပဒေအာဏာမတည်မီနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး မပေါ်ပေါက်မီက ကိစ္စရပ်ဖြစ်သည့်အပြင် ရွေးကောက်ပွဲကော်မရှင်၏ ရွေးကောက်ပွဲဆိုင်ရာဆောင်ရွက်ချက်များသည် အပြီးအပြတ်အတည်ဖြစ်သည်ဟု ဥပဒေများက အတိအကျပြဋ္ဌာန်းထားသည်ကို တွေ့ရှိရသည်။

ထို့ကြောင့် တင်သွင်းလွှာပါ ကချင်ပြည်နယ်အစိုးရအဖွဲ့တွင် ကချင်တိုင်းရင်းသားအစုအဖွဲ့တွင်ပါဝင်သော လီဆူးနှင့် ရဝမ်ကိုလည်းကောင်း၊ ရှမ်း ပြည်နယ်အစိုးရအဖွဲ့တွင် ကချင်တိုင်းရင်းသားအစုအဖွဲ့တွင်ပါဝင်သောလီဆူးကို လည်းကောင်း၊ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ ခန့်အပ်တာဝန် ပေးအပ်ထားမှုသည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းရှိ မရှိ ခုံရုံး၏အဓိပ္ပာယ် ဖွင့်ဆိုချက်၊ ဆုံးဖြတ်ချက်၊ သဘောထားချမှတ်ပေးရန် တောင်းဆိုခြင်းအပေါ် ဤခုံရုံးက ဝင်ရောက်စွက်ဖက်ရန် အကြောင်းမရှိပေ။ ဤတင်သွင်းလွှာကို ပလပ်ကြောင်း အမိန့်ချမှတ်သည်။

×××××

(မြသိန်း)

ဥက္ကဋ္ဌ